ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး

Office of the Securities and Exchange Commission of Myanmar

| ၂၀၂၅ ခုနှစ်၊အောက်တိုဘာလ မှ ဒီဇင်ဘာလ အထိ | အတွဲ ၄၊ အမှတ် ၄၊ ဇန်နဝါရီလ ၂၀၂၆ | www.secm.gov.mm |
|---|---|---|




# အရင်းအနှီးဈေးကွက်သတင်းလွှာ

## *Capital Market Bulletin*



ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံးမှ (၃)လတစ်ကြိမ်ထုတ်ဝေသည်။

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ကော်မရှင်ရုံး၏လုပ်ငန်းဆောင်ရွက်ချက်များ | ၁-၄ |
| စာရင်းဝင်အကြီးစျေးကွက်တွင် ဒုတိယမြောက် မှတ်ပုံတင်ကုမ္ပဏီအဖြစ် ဝင်ရောက်ခြင်း အခမ်းအနား ကျင်းပ | ၁ |
| ကော်မရှင်အစည်းအဝေးများ | ၁ |
| ကော်မရှင်ရုံး လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ | ၂ |
| ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ အစီရင်ခံစာပေးပို့ | ၂ |
| ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ ကိုယ်စားလှယ်လုပ်ငန်းလိုင်စင် အရည်အချင်းစစ် စာမေးပွဲ ကျင်းပ | ၂ |
| လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး | ၃-၄ |
| ရုံးလုပ်ငန်းကျွမ်းကျင်မှုအခြေခံသင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ | ၃ |
| အလုပ်အကိုင်စျေးကွက်ဆိုင်ရာ အချက်အလက်အားနည်းမှုကြောင့် အတိုးနှုန်းလျှော့ချမှုများ ပြုလုပ်လာနိုင်သဖြင့် ဒေါ်လာငွေတိုက်စာချုပ်များ၏ ၉၂ ရာခိုင်နှုန်း စျေးနှုန်းမြင့်တက်ခဲ့သော ၂၀၂၅ ခုနှစ်၊ တတိယ ၃ လပတ်(ဆောင်းပါး) | ၅-၇ |
| စျေးကွက်ဆိုင်ရာ အချက်အလက်များ | ၈ |
| အာဆီယံဆိုင်ရာသတင်းများ | ၉-၁၀ |
| ၂၀၂၆ ခုနှစ်တွင် ဗီယက်နမ်၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီးဆင်းမှုအခြေအနေသည် ပြောင်းလဲဖွယ်ရှိ | |

# ကော်မရှင်ရုံး၏ လုပ်ငန်းဆောင်ရွက်ချက်များ

## စာရင်းဝင်အကြိုဈေးကွက်တွင် ဒုတိယမြောက်မှတ်ပုံတင်ကုမ္ပဏီအဖြစ် ဝင်ရောက်ခြင်း အခမ်းအနားကျင်းပ





၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ဂျီဘီအက်(စ်)လယ်ယာဝန်ဆောင်မှုလုပ်ငန်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်(G.B.S Agricultural Services Public Company Limited)အား ရန်ကုန်စတော့အိပ်ချိန်း၏ စာရင်းဝင်အကြိုဈေးကွက်(Pre-Listing Board-PLB)တွင် ဒုတိယမြောက်မှတ်ပုံတင်ကုမ္ပဏီအဖြစ် ဝင်ရောက်ခြင်း အခမ်းအနားကို ရန်ကုန်စတော့အိပ်ချိန်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးဟန်ဝင်းအောင်၊ ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ရန်ကုန်စတော့အိပ်ချိန်း မန်နေးဂျင်းဒါရိုက်တာ ဦးဝင်းနိုင်ဦး၊ မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်အတွင်းရေးမှူးနှင့် မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်ဝင်း၊ ဂျီဘီအက်(စ်)လယ်ယာဝန်ဆောင်မှုလုပ်ငန်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြပါသည်။

## ကော်မရှင်အစည်းအဝေးများ



၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်၏ (၇/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကို ကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးဟန်ဝင်းအောင် တက်ရောက်၍ လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ပါသည်။ ယခုနှစ် တတိယ သုံးလပတ်တွင် ကော်မရှင်၏ ပုံမှန်အစည်းအဝေး(၂)ကြိမ် ကျင်းပခဲ့ပါသည်။

## ကော်မရှင်ရုံး လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ





၂၀၂၅ ခုနှစ်၊ အောက်တိုဘာလမှ ဒီဇင်ဘာလအထိ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၃) ကြိမ် ကျင်းပခဲ့ပါသည်။

## ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ အစီရင်ခံစာပေးပို့

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလမှ ဒီဇင်ဘာလအထိ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ၏ သတ်မှတ်ပမာဏထက်ကျော်လွန်သော လွှဲပြောင်းဆောင်ရွက်မှု အစီရင်ခံစာများနှင့် သတင်းပို့အဖွဲ့အစည်းများ၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးဆိုင်ရာနှစ်ပတ်လည် အစီရင်ခံစာတို့အား ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ ပေးပို့ခဲ့ပါသည်။

## ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ ကိုယ်စားလှယ်လုပ်ငန်း လိုင်စင်အရည်အချင်းစစ် စာမေးပွဲကျင်းပ






၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်နေ့တွင် ရန်ကုန်စတော့အိပ်ချိန်း၌ **“ငွေချေးသက်သေခံ လက်မှတ်ကုမ္ပဏီကိုယ်စားလှယ်လုပ်ငန်းလိုင်စင် အရည်အချင်းစစ်စာမေးပွဲ”**ကို ဆောင်ရွက်ခဲ့ရာ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများရှိ ဝန်ထမ်းများနှင့် ပြင်ပလူပုဂ္ဂိုလ်အပါအဝင် စုစုပေါင်း ၃၂ ဦးတို့မှ ဝင်ရောက်ဖြေဆိုခဲ့ကြပါသည်။

## လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး

**နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)တွင် ဖွင့်လှစ်သည့် အောက်ပါသင်တန်းသို့ အရာထမ်း (၁) ဦး စေလွှတ်ခဲ့ပါသည်-**

- အလယ်အလတ်အဆင့် အရာထမ်းသင်တန်း အမှတ်စဉ် (၁၄)

## ရုံးလုပ်ငန်းကျွမ်းကျင်မှုအခြေခံသင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ




၂၄-၁၁-၂၀၂၅ ရက်နေ့တွင် ရုံးလုပ်ငန်းကျွမ်းကျင်မှု အခြေခံသင်တန်းဖွင့်ပွဲအခမ်းအနားကို ကော်မရှင်ရုံးအစည်းအဝေး ခန်းမ၌ ကျင်းပခဲ့ရာ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်က "နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မိမိအဖွဲ့အစည်း၏ ရည်မှန်းချက်နှင့် လုပ်ငန်းတာဝန်များ ပြီးမြောက်အောင် ဆောင်ရွက်ကြရာတွင် မှန်ကန်ထိရောက်သည့်ရုံးလုပ်ငန်းဆောင်ရွက်မှုဖြင့် အကောင်းဆုံးနှင့် အထိရောက်ဆုံး အထောက်အကူပြုနိုင်ပြီး အချိန်မီပြီးပြည့်စုံရေး ဆောင်ရွက်နိုင်ရန် ယခုသင်တန်းအား ဖွင့်လှစ်ပို့ချပေးခြင်းဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့်လည်း ပိုမိုကျွမ်းကျင်ပြီး အားထားရသည့်ဝန်ထမ်းကောင်းများဖြစ်လာရေး ကြိုးစားသင်ယူသွားကြရန်" တိုက်တွန်းပြောကြားခဲ့ပါသည်။ အဆိုပါသင်တန်းသို့ ဒုတိယဦးစီးမှူး အဆင့်မှ ဦးစီးအရာရှိ အဆင့်အထိ အရာထမ်း၊ အမှုထမ်း(၁၆)ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တပတ်(၉)ပတ် ကြာမြင့်မည်ဖြစ်ပါသည်။

**အောက်ဖော်ပြပါပြည်တွင်း/ပြည်ပဆွေးနွေးပွဲ၊ အစည်းအဝေး၊ သင်တန်းများသို့ Virtual ဖြင့် ဝန်ထမ်းများအား တက်ရောက်စေခဲ့ပါသည်-**

1. ABAC - WB - APFF SFDN Workshop for government officials on carbon markets and registries



2. ASEAN Capital Markets Forum (ACMF) Intersessional Chairs Meeting
3. Asia GX Consortium High-Level Meeting (23 Oct) in Tokyo
4. 43rd ASEAN Capital Markets Forum (ACMF) Chairs Meeting
5. Risk-Based Supervision for Resilient, Inclusive and Sustainable ASEAN Capital Markets

**အောက်ဖော်ပြပါ ပြည်တွင်းသင်တန်းသို့ အရာထမ်း (၁) ဦးအား တက်ရောက်စေခဲ့ပါသည်-**



၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့မှ ၁၇ ရက်နေ့ထိ မြန်မာနိုင်ငံ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ (MFIU)နေပြည်တော်၌ ဖွင့်လှစ်သော ငွေကြေးဆိုင်ရာ အရေးယူ ဆောင်ရွက်ရေးအဖွဲ့၏ အကြံပြုချက် စံနှုန်းများ၊ နည်းပညာများနှင့် လုပ်ထုံးလုပ်နည်းများအား မိတ်ဆက်ခြင်း သင်တန်းသို့ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံးမှ အရာထမ်း(၁)ဦးတက်ရောက်ခဲ့ပါသည်။


ဆောင်းပါး

## အလုပ်အကိုင်ဈေးကွက်ဆိုင်ရာ အချက်အလက်အားနည်းမှုကြောင့် အတိုးနှုန်းလျှော့ချမှုများ ပြုလုပ်လာနိုင်သဖြင့် ဒေါ်လာငွေတိုက်စာချုပ်များ၏ ၉၂ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့သော ၂၀၂၅ ခုနှစ်၊ တတိယ ၃ လပတ်

ဒေါ်လာငွေတိုက် စာချုပ်များ၏ ၉၂ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက် ခဲ့ခြင်း ကြောင့် ငွေတိုက်စာချုပ် ရင်းနှီးမြှုပ်နှံသူများသည် တတိယ ၃ လ ပတ်တွင် အကျိုးအမြတ် ထပ်မံ ရရှိခဲ့ကြသည်။ ရင်းနှီးမြှုပ်နှံရန် သင့်လျော်သည့်အဆင့်ရှိ (Investment Grade – IG) ငွေတိုက်စာချုပ်များ နှင့် ရနှုန်းမြင့် (High Yield –HY) ငွေချေးစာချုပ်များသည် ၉၃ ရာခိုင်နှုန်း နှင့် ၈၈ ရာခိုင်နှုန်း ဈေးနှုန်း အသီးသီးမြင့်တက်ခဲ့သည်။ စက်တင်ဘာလ တစ်လထဲတွင် ၇၄ ရာခိုင်နှုန်းနှင့် ၇၈ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ပြီး ၃လဆက်တိုက်ဈေးနှုန်းမြင့်တက်ခဲ့ခြင်း ဖြစ်သည်။ ဤသို့ မြင့်တက်ရခြင်းမှာ အလုပ်သမားခန့်အပ်နိုင်မှုပြ အချက်အလက် အားနည်းခဲ့သဖြင့် ဗဟိုဘဏ်မှ အတိုးနှုန်း လျှော့ချမှုများ ပြုလုပ်လာခြင်းကြောင့် ဖြစ်သည်။

၂၀၂၅ ခုနှစ်၊ တတိယ ၃ လပတ် အမေရိကန် ငွေတိုက်စာချုပ် ရနှုန်းပြမျဉ်းကွေးသည် ဒုတိယ ၃ လပတ်နှင့် နှိုင်းယှဉ်ပါက ကျဆင်းခဲ့ပြီး ကာလတိုငွေတိုက်စာချုပ်များ နှင့် ကာလရှည်ငွေတိုက်စာချုပ်များအကြား အတိုးနှုန်းကွာခြားချက်သည် ဆက်လက် မြင့်မားလျက်ရှိသည်။ တတိယ ၃ လပတ် ကာလအတွင်း အမေရိကန် စီးပွားရေး ကျဆင်းခဲ့ပြီး အလုပ်သမား ခန့်အပ်နိုင်မှုမှာ အားအနည်းဆုံး ဖြစ်ခဲ့သည်။ ပျမ်းမျှ လယ်ယာ လုပ်ကိုင်သူများနှင့် အစိုးရ ဝန်ထမ်းများ မပါဝင်သည့် အလုပ်သမားဈေးကွက် (Non Farm Payroll – NFP)ဆိုင်ရာ ဖော်ပြချက် အရ ဒုတိယ ၃ လပတ်၌ အလုပ်အကိုင်သစ် ၁၄၅,၀၀၀ ဖန်တီး ပေးနိုင်ခဲ့သော်လည်း တတိယ ၃ လပတ်၌ ၃၀,၀၀၀ သာ ဖန်တီး ပေးနိုင်ခဲ့သည်။ အလုပ်လက်မဲ့နှုန်းမှာလည်း ၄.၁ ရာခိုင်နှုန်းမှ ၄.၃ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ ယခုကာလပတ်အတွင်း စားသုံးသူဈေးဆနှုန်းကိန်း (Consumer Price Index – CPI)နှင့် အစားအသောက်နှင့် စွမ်းအင်သုံးစွဲမှုမပါဝင်သည့် စားသုံးသူဈေးဆနှုန်းကိန်း (Core CPI)တို့သည် မျှော်မှန်းခဲ့သည့်အတိုင်း ၂.၇ ရာခိုင်နှုန်း နှင့် ၃.၁ ရာခိုင်နှုန်းအသီးသီး မြင့်တက်ခဲ့ကြသည်။ ထောက်ပံ့ရေး စီမံခန့်ခွဲမှုအဖွဲ့အစည်း (Institute of Supply Management – ISM)၏ ပျမ်းမျှ ဝယ်ယူရေးမန်နေဂျာများ ညွှန်ကိန်း (Purchasing Managers' Index) အရ ကုန်ထုတ်လုပ်မှုကဏ္ဍသည် အမှတ် ၅၀ အောက် ကျဆင်းသဖြင့် နှေးကွေး လျက်ရှိပြီး ဝန်ဆောင်မှုကဏ္ဍသည်အမှတ် ၅၀ ထက် အနည်းငယ်သာရှိသည့်အတွက် တိုးတက်မှုအားနည်းနေသည်။ Michigan စားသုံးသူယုံကြည်မှုပြညွှန်ကိန်း၏ ဖော်ပြချက်များအရ စားသုံးသူယုံကြည်မှု ၂ လ ဆက်တိုက်ကျဆင်းခဲ့ ပြီး ၅၅.၁ အမှတ်သာရှိ

**တတိယ ၃ လ ပတ်အတွင်း ကျဆင်းခဲ့သည့် အမေရိကန်ငွေတိုက်စာချုပ်ရနှုန်း**




Source:Bloomberg, BondbloX .Created with Datawrapper

စာမျက်နှာ ၆ သို့

ခဲ့သည်။ အချက်အလက်များကို လေ့လာကြည့်ပါက ဗဟိုဘဏ်၏ မူဝါဒချမှတ်သူများသည် မျှော်မှန်း ထားသည့်အတိုင်း အခြေခံအမှတ် ၂၅ မှတ်လျှော့ချခဲ့ပြီး ဆက်လက်လျှော့ကျမည့် အလားအလာများ ကိုမြင်တွေ့ရသည်။ နှစ်မကုန်မီ အခြေခံ အမှတ် ၅၀ ထပ်မံ လျှော့ကျလိမ့်မည်ဟု ဈေးကွက်များအတွင်း ခန့်မှန်းထားကြသည်။

ဒေသအလိုက် ငွေတိုက်စာချုပ် ညွှန်ကိန်းများအရ ဈေးကွက်အားလုံးသည် ကောင်းမွန်စွာ ရပ်တည်လျက် ရှိပါသည်။ ယင်းတို့အနက် အာရှဒေသရှိ ရနှုန်းမြင့် ငွေချေးစာချုပ်များ နှင့် ပင်လယ်ကွေ့ပူးပေါင်း ဆောင်ရွက်ရေး ကောင်စီ (GCC) ဒေသရှိ ကော်ပိုရိတ် ငွေချေးစာချုပ်များသည် ၃.၉ ရာခိုင်နှုန်း နှင့် ၃.၇ ရာခိုင်နှုန်း အသီးသီးမြင့်တက်၍ ဦးဆောင်လျက်ရှိပါသည်။ အခြားဒေသညွှန်ကိန်းများသည် ၂ ရာခိုင်နှုန်းမှ ၂.၅ ရာခိုင်နှုန်းအတွင်း မြင့်တက်ခဲ့ကြသော်လည်း ဥရောပဒေသညွှန်ကိန်းသည် ၀.၂ ရာခိုင်နှုန်းသာ မြင့်တက်ခဲ့ပါသည်။

အမေရိကန် ငွေတိုက်စာချုပ် ရနှုန်းကျဆင်းခဲ့သဖြင့် ရင်းနှီးမြှုပ်နှံရန် သင့်လျော်သည့် အဆင့်ရှိ ကာလရှည် အစိုးရ ငွေတိုက်စာချုပ်များနှင့် ကော်ပိုရိတ်ငွေချေးစာချုပ်များသည် ဈေးနှုန်းမြင့်တက်ခဲ့ကြသည်။ ဥပမာ အနေဖြင့် UAE ၊ Panama ၊ Alibaba ၊ Aramco ၊ Tencent ၊ Honk Kong Airport ၊ PTT ၊ Thaioil နှင့် အခြား ငွေချေးစာချုပ်များသည် ၇ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအထိ ဈေးနှုန်းမြင့်တက်ခဲ့ပါသည်။

အကျိုးအမြတ်ဖြစ်ပေါ်ခဲ့သည့် ရနှုန်းမြင့် ငွေချေးစာချုပ်များအနက် အမေရိကန် လက်လီရောင်းဝယ်သူများ ဖြစ်သည့် Michaels’ နှင့် Kohls’ တို့၏ ငွေတိုက်စာချုပ်များသည် ၃၄ ရာခိုင်နှုန်းနှင့် ၂၄ ရာခိုင်နှုန်း အသီးသီးမြင့်တက်ခဲ့ပြီး ထိပ်ဆုံးတွင် ရပ်တည်လျက်ရှိသည်။ Kohls’၏ ငွေတိုက်စာချုပ်များသည် ဘဏ္ဍာငွေစီးဆင်းမှု ကောင်းမွန်ရန် စီမံခန့်ခွဲနေစဉ်အတွင်း ၎င်းထံ ကုန်ပစ္စည်းပံ့ပိုးသူများ၏ ငွေတောင်းခံလွှာများအား ပေးချေမည့်ကာလ တိုးမြှင့်ပေးနိုင်ရေး တောင်းဆိုခဲ့ပြီးနောက် ဈေးနှုန်း မြင့်တက်ခဲ့ခြင်းဖြစ်သည်။ NWD ၏ ငွေချေးစာချုပ်များသည် ဘဏ္ဍာငွေပြန်လည် ဖြည့်တင်းခြင်းနှင့် ပုဂ္ဂလိကပိုင်အဖြစ် ပြောင်းလဲမည်ဟု မီဒီယာ တစ်ခုက ဖော်ပြခြင်း၊ Blackstone၊ Capital Land Group အပါအဝင် အလားအလာရှိသည့် ရင်းနှီးမြှုပ်နှံသူများထံသို့ ၎င်းတို့ပိုင်ဆိုင်မှု အချို့အား ရောင်းချရန် ဆွေးနွေး နေသည်ဟု သတင်းများ ထွက်ပေါ်ခဲ့ခြင်းတို့ကြောင့် ၂၁ ရာခိုင်နှုန်း ဈေးမြင့်တက် ခဲ့ပါသည်။ Pemex ကုမ္ပဏီအား ထောက်ပံ့နိုင်ရန်အတွက် မက္ကဆီကို အစိုးရသည် P-Caps (Pemex-Linked Capital Securities) ထုတ်ဝေရောင်းချရာမှ တဆင့် ဒေါ်လာ ၁၂ ဘီလီယံ ရရှိခဲ့ခြင်း၊ ကုမ္ပဏီသည် တစ်နှစ်ကျော်အတွင်း ပထမအကြိမ် အမြတ်ရရှိကြောင်း ၃ လပတ် အစီရင်ခံစာ၌ ဖော်ပြခဲ့ခြင်း၊ Fitch မှ ကြွေးမြီပေးဆပ်နိုင်ခြေအဆင့် တိုးမြှင့်ပေးခဲ့ခြင်း နှင့် မက္ကဆီကို အစိုးရမှ ကြွေးမြီပေးဆပ်နိုင်ရန် ရန်ပုံငွေ ထောက်ပံ့ခဲ့သဖြင့် Moody’s မှ အဆင့် တိုးမြှင့်ပေးခဲ့ခြင်းတို့ကြောင့် Pemex ၏ ငွေချေးစာချုပ်များသည် ၁၄ ရာခိုင်နှုန်း ဈေးမြင့်တက်ခဲ့ပါသည်။ DISH ကုမ္ပဏီ၏ အာမခံမဲ့ ငွေချေးစာချုပ်များသည် AT&T နှင့် EchoStar တို့အကြား ဒေါ်လာ ၂၃ ဘီလီယံဖြင့် Spectrum လိုင်စင်ဝယ်ယူရန် သဘောတူညီချက် ရရှိခဲ့ပြီးနောက် ၁၉ ရာခိုင်နှုန်း ဈေးမြင့်တက်ခဲ့ပါသည်။ Transocean၏ ဒေါ်လာငွေချေးစာချုပ်များသည်ကုမ္ပဏီ၏ ဘဏ္ဍာရေးပြောင်းလွယ်ပြင်လွယ်ရှိစေရန်နှင့် ငွေသားပိုမိုရရှိနိုင်ရန် ချေးငွေ အထောက်အပံ့လည်ပတ်မှု နှင့်စပ်လျဉ်း၍ ပြောင်းလဲမှုများ ပြုလုပ်ပြီးနောက် ၁၁ ရာခိုင်နှုန်း မှ ၂၀ ရာခိုင်နှုန်း ဈေးမြင့်တက်ခဲ့ပါသည်။

ဈေးနှုန်းကျဆင်းခဲ့သည့် ငွေချေးစာချုပ်များအနက် Ambipar ကုမ္ပဏီ၏ ငွေချေးစာချုပ်များသည် ကုမ္ပဏီ၏ အလားအလာရှိသော စီးပွားရေးနှင့် ကြွေးမြီပြန်လည် ပေးဆပ်ရန် ပြုပြင်မှု

အပေါ် စိုးရိမ်မှုများ မြင့်တက်ခဲ့ပြီးနောက် ၈၀ ရာခိုင်နှုန်း ဈေးကျဆင်းခဲ့ပါသည်။ Braskem ကုမ္ပဏီ၏ ဒေါ်လာ ငွေချေးစာချုပ်များသည် ဘဏ္ဍာရေး အားနည်းခြင်းနှင့် ကြွေးမြီပေးဆပ်ရန် ပြောင်းလဲခြင်း အပေါ် စိုးရိမ်မှုများကြောင့် ကြွေးမြီပေးဆပ်နိုင်ခြေ အဆင့်သတ်မှတ်သည့် ကုမ္ပဏီများက အဆင့်လျှော့ချခဲ့ပြီးနောက်တွင် မူလတန်ဖိုး၏ ထက်ဝက်နီးပါး ဈေးကျဆင်းခဲ့ပါသည်။ အာဂျင်တီးနားနိုင်ငံ၏ ငွေတိုက်စာချုပ်များသည် Buenos Aires ပြည်နယ် ရွေးကောက်ပွဲတွင် သမ္မတ Milei ၏ ပါတီရှုံးနိမ့်ခဲ့ခြင်းနှင့် နိုင်ငံ၏စီးပွားရေး ကျဆင်းသည့် အချက်အလက်ကြောင့် ၁၇ ရာခိုင်နှုန်း မှ ၂၀ ရာခိုင်နှုန်းထိ ဈေးကျဆင်းခဲ့ပါသည်။ Xerox ကုမ္ပဏီ၏ ငွေချေးစာချုပ်များသည် ၂၀၂၅ခုနှစ် ဒုတိယ ၃ လပတ်၌ ရလဒ်အားနည်းခဲ့ခြင်းနှင့် S&P ၏ ကြွေးမြီပေးဆပ်နိုင်ခြေအဆင့် လျှော့ချပြီးနောက် ၁၂ ရာခိုင်နှုန်း မှ ၂၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ပါသည်။

**ငွေချေးစာချုပ် ထုတ်ဝေမှုပမာဏ**

၂၀၂၅ ခုနှစ်၊ တတိယ ၃ လပတ်တွင် တစ်ကမ္ဘာလုံး အတိုင်းအတာ ဖြင့် ဒေါ်လာ ကော်ပိုရိတ် ငွေချေးစာချုပ် ထုတ်ဝေမှုသည် ၈၈၀ ဘီလီယံ နီးပါး ရှိခဲ့ပြီး ယခင်နှစ် တတိယ ၃ လပတ်က ၈၂၀ ဘီလီယံသာ ရှိခဲ့သဖြင့် ၇ ရာခိုင်နှုန်းကျော် ပိုမိုထုတ်ဝေ ခဲ့ပါသည်။ ၂၀၂၅ ခုနှစ်၊ ဒုတိယ ၃ လပတ်နှင့် နှိုင်းယှဉ်ကြည့်ပါကလည်း ၁၀ ရာခိုင်နှုန်း ပိုမိုထုတ်ဝေခဲ့ပါသည်။ စက်တင်ဘာလအတွင်း ငွေချေးစာချုပ်ထုတ်ဝေမှုများ မြင့်တက်ခဲ့ခြင်းကြောင့် ၂၀၂၅ ခုနှစ်၊ တတိယ ၃ လ ပတ်အတွင်း ထုတ်ဝေမှုသည် ၁၀ နှစ်တာ ကာလအတွင်း နှစ်တစ်နှစ်၏ ဒုတိယ ၆ လ ပတ်အတွင်း အမြင့်မားဆုံး ဖြစ်ခဲ့ပြီး အလုပ်အများဆုံး ကာလတစ်ခုအဖြစ်လည်း မှတ်တမ်းဝင်ခဲ့ပါသည်။

ဂျပန်မပါဝင်သည့် အာရှနိုင်ငံများနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများမှ ဒေါ်လာဖြင့် ငွေချေးစာချုပ် ထုတ်ဝေမှုသည် ၁၃၀ ဘီလီယံ ရှိခဲ့ပြီး ယခင်နှစ် ၃ လပတ်ထက် ၂၅ ရာခိုင်နှုန်းနှင့် ယခုနှစ် ဒုတိယ ၃ လ ပတ်ထက် ၃၀ ရာခိုင်နှုန်း ပိုမို ထုတ်ဝေခဲ့ပါသည်။ ယခု ၃ လပတ်တွင် ရင်းနှီးမြှုပ်နှံရန် သင့်လျော်သည့် အဆင့်ရှိ ငွေချေးစာချုပ်များ ၆၀ ရာခိုင်နှုန်း၊ ရနှုန်းမြင့် ငွေချေးစာချုပ် များ၂၀ ရာခိုင်နှုန်းနှင့် အဆင့်သတ်မှတ်ခံထားရခြင်း မရှိသည့် ငွေချေးစာချုပ်များ ၂၀ ရာခိုင်နှုန်း ပါဝင်ခဲ့ပါသည်။

**အကြီးမားဆုံး ထုတ်ဝေရောင်းချမှုများ**

Oracle ကုမ္ပဏီ၏ ဒေါ်လာ ၁၈ ဘီလီယံအား အပိုင်း ၈ ပိုင်းဖြင့် ကမ်းလှမ်း ရောင်းချမှုသည် တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် အများဆုံး ဖြစ်ခဲ့သည်။ ယင်းနောက်၌ Pemex ကုမ္ပဏီအားကူညီရန် မက္ကဆီကိုအစိုးရ ထုတ်ဝေခဲ့သည် ၅ နှစ် သက်တမ်းရှိ P-Cap ငွေချေးစာချုပ်သည် ဒေါ်လာ ၁၂ ဘီလီယံဖြင့်လည်းကောင်း၊Citi ကုမ္ပဏီ၏ ဒေါ်လာ ၆.၈ ဘီလီယံအား အပိုင်း ၄ ပိုင်းဖြင့် ကမ်းလှမ်း ရောင်းချမှုသည် လည်းကောင်း၊ Eli Lilly's ကုမ္ပဏီ၏ ဒေါ်လာ ၆.၇၅ ဘီလီယံအား အပိုင်း ၇ ပိုင်းဖြင့် ကမ်းလှမ်းရောင်းချမှု နှင့် Merck ၊ Morgan Stanley နှင့် Broadcom ကုမ္ပဏီတို့မှ ဒေါ်လာ ၆ ဘီလီယံအား အပိုင်းခွဲ၍ ကမ်းလှမ်းရောင်းချမှုတို့သည် အများဆုံးအဖြစ် ရပ်တည်လျက်ရှိသည်။


အာရှ-ပစိဖိတ်နှင့် အရှေ့အလယ်ပိုင်းနိုင်ငံများတွင် ကူဝိတ်နိုင်ငံ၏ ဒေါ်လာ ၁၁.၅ ဘီလီယံအား အပိုင်း ၃ ပိုင်းဖြင့် ကမ်းလှမ်း ရောင်းချမှုသည် ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိကာ ယင်းနောက်၌ Abu Dhabi နှင့် Aramco တို့၏ ဒေါ်လာ ၃ ဘီလီယံအား ၂ ပိုင်းခွဲ၍ ထုတ်ဝေ ရောင်းချမှုတို့က ရပ်တည်လျက်ရှိပါသည်။ Saudi Real Estate Refinance Company's (SRC) ၏ ဒေါ်လာ ၂.၅ ဘီလီယံ ဖြင့် ထုတ်ဝေသည့် ငွေချေးစာချုပ်၊ အင်ဒိုနီးရှားနိုင်ငံ၏ ဒေါ်လာ ၂.၂ ဘီလီယံအား ၂ ပိုင်းခွဲ ထုတ်ဝေရောင်းချသည့် ငွေချေးစာချုပ်နှင့် DBS Group ၊ Al Rajhi နှင့် Saudi Arabia တို့၏ ဒေါ်လာ ၂ ဘီလီယံ ဖြင့် ထုတ်ဝေသည့် ငွေချေးစာချုပ်များသည် အခြားကြီးမားသည့် ငွေချေးစာချုပ် ထုတ်ဝေရောင်းချမှုများ ဖြစ်ခဲ့ပါသည်။

**ရဲဝေဖြိုး**


**ကိုးကား** https://bondblox.com/news/q3-2025-92-of-dollar-bonds-rally-led-by-weak-jobs-data-rate-cut-expectations

# ဈေးကွက်ဆိုင်ရာအချက်အလက်များ


## ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ အထိ ငွေချေးသက်သေခံလက်မှတ်စာရင်းဖွင့်လှစ်မှုများ





## ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ မှ ဒီဇင်ဘာလ အထိ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုများ





## စာရင်းဝင်ကုမ္ပဏီ(၈)ခု၏ အစုရှယ်ယာရောင်းဝယ်မှုများ (၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ မှ ဒီဇင်ဘာလ အထိ)




## စာရင်းဝင်အကြိုဈေးကွက်၌ အစုရှယ်ယာရောင်းဝယ်မှုများ (၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ မှ ဒီဇင်ဘာလ အထိ)




## ဆင့်ပွားဈေးကွက်တွင် အစိုးရငွေတိုက်စာချုပ်များရောင်းဝယ်မှု (၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ မှ ဒီဇင်ဘာလ အထိ)



# အာဆီယံဆိုင်ရာ သတင်းများ

## ၂၀၂၆ ခုနှစ်တွင် ဗီယက်နမ်၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီးဆင်းမှုအခြေအနေသည် ပြောင်းလဲဖွယ်ရှိ




၂၀၂၆ ခုနှစ်တွင် နိုင်ငံခြားသားပိုင်ဆိုင်မှုများ ၂ နှစ်ဆက်တိုက် စံချိန်တင်ရောင်းချမှု ဖြစ်ပွားခဲ့ပြီးနောက် နိုင်ငံခြားသုံးငွေ လဲလှယ်နှုန်း ပိုမိုတည်ငြိမ်လာခြင်း၊ မက်ခရိုစီးပွားရေး တိုးတက်လာခြင်းနှင့် ဈေးကွက်အဆင့်မြှင့်တင်မည့် အလားအလာများကြောင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဗီယက်နမ်စတော့ဈေးကွက်သို့ ပြန်လည်ဝင်ရောက်လာမည်ဟု မျှော်မှန်းထားသည်။ဗီယက်နမ်စတော့ဈေးကွက်ပြ ညွှန်ကိန်း (VN-Index) သည် ပြည်တွင်းရင်းနှီးမြှုပ်နှံသူများ မျှော်လင့်ထားသောအရေးပါသည့် ၁၈၀၀ အမှတ်သို့ မရောက်ခဲ့သော်လည်း ၂၀၂၄ ခုနှစ် ဈေးကွက်ပိတ်သိမ်းစဉ်က အမှတ်ထက် ၅၀၀ မှတ်ကျော်မြင့်တက်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဈေးကွက်ပိတ်ချိန်၌ ၄၀.၈၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါသည်။ ထိုသို့မြင့်တက်ခဲ့မှုသည် ၂၀၂၀ ခုနှစ်က မြင့်တက်ခဲ့သည့် ၃၅.၇၃ ရာခိုင်နှုန်းကို ကျော်လွန်ခဲ့ပြီး အမြင့်ဆုံး မြင့်တက်ခဲ့သည့် ၂၀၁၇ ခုနှစ်၏ ၄၈.၀၃ ရာခိုင်နှုန်းအောက် ဒုတိယနေရာတွင် ရပ်တည်ခဲ့ပါသည်။

၂၀၂၅ ခုနှစ်၏ ငွေဖြစ်လွယ်မှုသည် ၂၀၂၄ ခုနှစ်ထက် ၃၃ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး အချို့အရောင်းအဝယ်ဖြစ်မြောက်မှု တန်ဖိုးများသည် ဗီယက်နမ်ဒေါင် ၅၀ ထရီလီယံ ( အမေရိကန်ဒေါ်လာ ၁.၉ ဘီလီယံ) အထိ ရောက်ရှိခဲ့သည့်အတွက် ဗီယက်နမ်နိုင်ငံ၏ အရင်းအနှီးဈေးကွက်သည် အရှေ့တောင်အာရှတွင် ရောင်းဝယ်မှုအများဆုံးဈေးကွက် ဖြစ်ခဲ့သည်။ ဈေးကွက်အတွင်း အရောင်းအဝယ် သွက်လက်လျက်ရှိသော်လည်း ပြည်ပရင်းနှီးမြှုပ်နှံသူများသည် ရောင်းချမှုကိုသာ အသားပေးလုပ်ဆောင်လျက်ရှိကြသည်။၂၀၂၅ ခုနှစ်အတွင်း ပြည်ပရင်းနှီးမြှုပ်နှံသူများ၏ အသားတင်ရောင်းချမှုသည် ၉ လ ရှိခဲ့ပြီး အသားတင်ဝယ်ယူမှုသည် ၃ လ သာရှိခဲ့သည်။ စုစုပေါင်း ရှယ်ယာ၂.၉၂ ဘီလီယံ ရောင်းချခဲ့ပြီး အသားတင်ပြည်ပသို့ ငွေကြေးစီးဆင်းမှုအနေဖြင့် ဗီယက်နမ်ဒေါင် ၁၃၄.၈ ထရီလီယံ ရှိခဲ့သည်။ ယခင်နှစ်ဖြင့် နှိုင်းယှဉ်ပါက အရေအတွက်အားဖြင့် ၆.၄ ရာခိုင်နှုန်း လျော့နည်းခဲ့သော်လည်း တန်ဖိုးအားဖြင့် ယခင်နှစ်က စံချိန်တင်ရောင်းချခဲ့သည့် အမေရိကန်ဒေါ်လာ ၉၂.၂၉ ထရီလီယံထက် ၄၆ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါသည်။

ဟိုချီမင်းစတော့အိပ်ချိန်း (HOSE) တွင် ဗီယက်နမ်နိုင်ငံ၏ အကြီးဆုံးစာရင်းဝင် နည်းပညာကုမ္ပဏီများထဲမှ တစ်ခုဖြစ်သည့် FPT လုပ်ငန်းစု၏ အစုရှယ်ယာရောင်းချမှုသည် ဗီယက်နမ်ဒေါင် ၁၁.၆ ထရီလီယံကျော်ဖြင့် ထိပ်ဆုံးမှ ရပ်တည်ခဲ့ပါသည်။ Vin-family ၏ အစုရှယ်ယာများဖြစ်သည့် Vingroup (VIC) နှင့် Vinhomes (VHM) တို့သည်လည်း ဗီယက်နမ်ဒေါင် ၁၀.၄ ထရီလီယံနှင့် ၉.၆ ထရီလီယံ နီးပါး အသီးသီးပြည်ပသို့ ငွေကြေးစီးဆင်းခဲ့ကြပါသည်။ အခြားကုမ္ပဏီကြီးများဖြစ်သည့် Vietcombank (VCB) ၊ Sacombank (STB) ၊ SSI Securities (SSI) နှင့် Hoa Phat Group (HPG) တို့၏ အစုရှယ်ယာများသည်လည်း ဗီယက်နမ်ဒေါင် ၈.၈ ထရီလီယံ ၊ ၇.၆ ထရီလီယံ၊ ၆.၇ ထရီလီယံ နှင့် ၄.၁ ထရီလီယံ အသီးသီး အလားတူသက်ရောက်မှုများ ကြုံတွေ့ ခဲ့ကြပါသည်။

အခြားတစ်ဖက်တွင် Vinpearl (VPL)၏ အစုရှယ်ယာတန်ဖိုး ဗီယက်နမ်ဒေါင် ၁.၅ ထရီလီယံနှင့် Novaland (NVL)၏ အစုရှယ်ယာစောင်ရေ ၈၄.၆ မီလီယံကျော်

စာမျက်နှာ ၁၀ သို့

အား ဗီယက်နမ်ဒေါင် ၁.၂၇ ထရီလီယံဖြင့် ဝယ်ယူမှုတို့သည် အသိသာဆုံး အသားတင်ဝယ်ယူမှုများ ဖြစ်ခဲ့ကြပါသည်။ ဟန္နိုင်းစတော့အိပ်ချိန်း (HNX)၌ Saigon-Hanoi Securities (SHS)သည် ဗီယက်နမ်ဒေါင် ၇၀ ဘီလီယံဖြင့် ပမာဏအများဆုံး အသားတင်ဝယ်ယူသူအဖြစ် ရပ်တည်ခဲ့ပြီး IDICO ကော်ပိုရေးရှင်း (IDC)သည် ဗီယက်နမ်ဒေါင် ၁.၆ ထရီလီယံကျော်ဖြင့် အသားတင်ပြည်ပသို့ ငွေကြေးစီးဆင်းမှု အများဆုံးအဖြစ် ရပ်တည်ခဲ့ပါသည်။

၂၀၂၄-၂၀၂၅ ခုနှစ်များ အတွင်း အမေရိကန်ဒေါ်လာ ခိုင်မာမှု နှင့် အတိုးနှုန်းများမြင့်မားမှုကြောင့် ကမ္ဘာတစ်ဝှမ်းရှိ ဖွံ့ဖြိုးပြီးဈေးကွက်များသို့ အရင်းအနှီးများ ပြန်လည် ဝင်ရောက်သွားခြင်းသည် ဗီယက်နမ် အစုရှယ်ယာများ၌ ပြည်ပရင်းနှီးငွေစီးဆင်းမှုအပေါ် သက်ရောက်မှု ကြီးမားခဲ့ပါသည်။ MB Securities ၏ အစီရင်ခံစာများအရ ထိုကဲ့သို့ အသားတင်ရောင်းချမှု ကြာရှည်လာခြင်းသည် ပြည်ပရင်းနှီးမြှုပ်နှံသူများအပေါ် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုများကို ပြန်လည်ချိန်ညှိရန် သိသာစွာ ဖိအားပေးလျက် ရှိပါသည်။

၂၀၂၆ ခုနှစ်ကို မျှော်ကြည့်ပါက ပြည်ပရင်းနှီးမြှုပ်နှံမှုသည် ဈေးကွက်ကြီးထွားလာစေရန် အဓိကအစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်လာလိမ့်မည်ဟု Kafi Securities ၏ ပိုင်ဆိုင်မှုရောင်းဝယ်ရေး မန်နေဂျာ Trinh Duy Viet ကို tinhanhchungkhoan.vn သတင်းဌာနသို့ ပြောကြားခဲ့သည်။ ၂၀၂၀ မှ ၂၀၂၅ ခုနှစ်အတွင်း ပထဝီနိုင်ငံရေး မတည်ငြိမ်မှုဖြစ်ပွားခဲ့ပြီး နိုင်ငံတကာအရင်းအနှီးစီးဆင်းမှုကို ကမ္ဘာလုံးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု ပြန်လည်နေရာချထားခြင်းဖြင့် ပုံဖော်နိုင်ကြောင်း ထပ်မံဖြေဆိုခဲ့ပါသည်။

PetroVietnam Securities သုတေသနဌာန၏ ညွှန်ကြားရေးမှူး Tran Anh Tuan ၏ ပြောကြားချက်အရ ပြည်ပရင်းနှီးမြှုပ်နှံမှုသည် လေ့လာရင်းနှီးမြှုပ်နှံသည့်အဆင့်မှ စနစ်တကျ ရင်းနှီးမြှုပ်နှံမှု အဆင့်သို့ ပြောင်းလဲလာမည်ဟု သုတေသန အဖွဲ့အစည်းများက ခန့်မှန်းထားကြောင်း သိရသည်။ ကာလတိုရင်းနှီးမြှုပ်နှံခြင်းအစား ကာလရှည်ရင်းနှီးမြှုပ်နှံမှုများ တစ်ရွေ့ရွေ့နှင့်ဝင်ရောက်လာနိုင်ခြေရှိသည်။ အခွင့်သာသည့် အခြေအနေများ ကြုံတွေ့လာပါက ကမ္ဘာလုံးဆိုင်ရာညွှန်ကိန်းပညာရှင်များ ခန့်မှန်းထားသည့်အတိုင်း ဗီယက်နမ်နိုင်ငံ၏ဈေးကွက်သည် အစောပိုင်းဖွံ့ဖြိုးဆဲအဆင့်မှ ဖွံ့ဖြိုးသည့်အဆင့်သို့ တက်ရောက်လာနိုင်မည်ဖြစ်ပြီး အခြားဖွံ့ဖြိုးသည့် ဈေးကွက်များနည်းတူ ပြည်ပရင်းနှီးမြှုပ်နှံမှုများ အစဉ်တစိုက်စီးဝင်လာမည် ဖြစ်သည်။ ပြည်ပရင်းနှီးမြှုပ်နှံမှုအပေါ် အဓိက သက်ရောက်မည့် အချက် (၃)ချက်မှာ ကမ္ဘာ့မေခရိုစီးပွားရေး အခြေအနေ (အထူးသဖြင့် အမေရိကန်နိုင်ငံနှင့် ကမ္ဘာ့အင်အားကြီး နိုင်ငံများ၏ ငွေကြေးမူဝါဒ)၊ ပြည်တွင်းဈေးကွက်၏ အရည်အသွေး ခိုင်မာအားကောင်းမှုနှင့် တရားဝင်ဈေးကွက် အဆင့်မြှင့်တင်နိုင်မည့် အလားအလာတို့ ဖြစ်ကြောင်း Tuan က အလေးပေးပြောကြားခဲ့သည်။

၁၃ နှစ်တာကာလအတွင်း နိုင်ငံခြားသားပိုင်ဆိုင်မှု ၁၅ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့သော်လည်း ၂၀၂၅ နှစ်ကုန်ပိုင်းတွင် အသားတင်ရောင်းချမှုများ ကျဆင်းခဲ့ပါသည်။ ဒီဇင်ဘာလအတွင်း အသားတင်ဝယ်ယူမှု ပြန်လည်ဦးမော့လာခြင်းသည် ခေတ္တခဏဖြစ်ပေါ်သည့် ဖြစ်စဉ်တစ်ခုထက် ကောင်းမွန်သောအပြောင်းအလဲ၏ အစပျိုးမှုဟု ပြည်တွင်းရင်းနှီးမြှုပ်နှံသူများက မှတ်ယူကြပါသည်။ ရှေ့လာမည့်ကာလများတွင် ဈေးကွက်အဆင့်အတန်း မြင့်မားလာမှုနှင့်အတူ ခိုင်မာသော မက်ခရိုစီးပွားရေး အခြေခံအချက်အလက်များက ဗီယက်နမ်ဈေးကွက်အတွင်းသို့ ပြည်ပအရင်းအနှီးများ ပြန်လည်ဝင်ရောက်လာမှုကို အားကောင်းစေမည့် အလားအလာကောင်းများပင် ဖြစ်ပါသည်။

**ရဲဝေဖြိုး**

ကိုးကား https://vietnamnet.vn/en/foreign-capital-flowexpected-to-reverse-in-20262479298.html